BURMESE









# အူလမ်းကြောင်း စစ်ဆေးခြင်း အကြောင်း











timetobowelscreen.nz

Health New Zealand
Te Whatu Ora

Te Kāwanatanga o Aotearoa
New Zealand Government

Time to screen

National Bowel Screening Programme

ယခုစာအုပ်တွင် အူမကြီးကင်ဆာနှင့် အူလမ်းကြောင်းစစ်ဆေးခြင်းဆိုင်ရာ အချက်အလက်များပါရှိပြီး  နိုင်ငံအဝှမ်း အူလမ်းကြောင်းစစ်ဆေးခြင်း အစီအစဉ် (National Bowel Screening Programme)တွင် ပါဝင်ခြင်း၊မပါဝင်ခြင်းကို ဆုံးဖြတ်နိုင်ရန် ကူညီပေးသည်။

## အူလမ်းကြောင်းစစ်ဆေးခြင်း။

!

- ဒီအတွက် အခမဲ့ပါ။
- စစ်ဆေးမှုက မြန်ဆန်ပြီး အိမ်မှာ လွယ်ကူစွာ လုပ်နိုင်ပါတယ်။
- ၂ နှစ် တစ်ကြိမ် စမ်းသပ်ကိရိယာတစ်ခုကို သင့်ထံ ပို့ပေးပါသည်။

နယူးဇီလန်သည် ကမ္ဘာပေါ်တွင် အူမကြီးကင်ဆာဖြစ်ပွားမှုနှုန်း အများဆုံးနိုင်ငံများထဲမှ တစ်ခုဖြစ်သည်။

အူမကြီးကင်ဆာဟာ လက္ခဏာမပြတတ်ပါဘူး။ အူလမ်းကြောင်း စစ်ဆေးခြင်းဖြင့် အူမကြီးကင်ဆာကို စောစီးစွာ သိရှိနိုင်ပါတယ်၊ ဒီလိုစောသိပါက အောင်မြင်စွာကုသနိုင်ဖို့ အခွင့်အလမ်းများပါတယ်။ ကင်ဆာဖြစ်ပါက တစ်ခုခုမှားယွင်းနေကြောင်းပြတဲ့ အစောပိုင်းလက္ခဏာတစ်ရပ်အနေနဲ့ သင့်အစာအိမ်အညစ်အကြေး (မစင်) မှာ သွေးစလေးတွေ တွေ့နိုင်ပါတယ်။

ကျွန်ုပ်တို့အစီအစဉ်မှ အချက်အလက်များအရ အူလမ်းကြောင်းရောဂါစစ်ဆေးခြင်းဖြင့် အူမကြီးကင်ဆာဖြစ်ပွားသူ 10 ဦးတွင် အနည်းဆုံး 7 ဦးအထိကို စစ်ဆေးသိရှိနိုင်ပါသည်။ အူမကြီးကင်ဆာတွေမှာ အချိန်တိုင်း သွေးမထွက်ပါဘူး။ ဒါကြောင့်တခါတရံမှာ ကင်ဆာကို မတွေ့နိုင်ပါဘူး။ စစ်ဆေးမှု တစ်ကြိမ်နှင့် တစ်ကြိမ်ကြားတွင်လည်း အူမကြီးကင်ဆာ စတင်ဖြစ်နိုင်ပါသေးတယ်။ ဒီအချက်တွေကြောင့် အူလမ်းကြောင်းရောဂါစစ်ဆေးခြင်းကို ၂ နှစ်တစ်ကြိမ် ခံယူသင့်ပြီး သင့်မှာ အူမကြီးကင်ဆာ လက္ခဏာများတွေ့ရပါက သင့်ဆရာဝန်ကို ချက်ချင်းပြောပါ။

အူမကြီးကင်ဆာ၏ အဖြစ်များသော လက္ခဏာများတွင် ပါဝင်နိုင်သည်တို့မှာ-

- သင်၏ ပုံမှန်အူလမ်းကြောင်းအလုပ်လုပ်ပုံ ပြောင်းလဲမှုသည် သီတင်းပတ်များစွာ တိုင်အောင် ဖြစ်ပေါ်နေသည်။
- မစင်တွင် သွေးစပါသည်။

ယခုလက္ခဏာများသည် အများအားဖြင့် အခြားအခြေအနေများကြောင့် ဖြစ်တတ်သော်လည်း ၎င်းတို့ကို သင့်ဆရာဝန်ထံ ပြသရန် အရေးကြီးပါသည်။

# အိမ်တွင် စစ်ဆေးခြင်း

## သင့်အသက်ကို ကယ်တင်ဖို့ ရိုးရှင်းသောစစ်ဆေးမှု

အူလမ်းကြောင်းစစ်ဆေးခြင်းကိရိယာကို သင့်အိမ်သို့ ပို့ပေးပါမည်။ စစ်ဆေးမှုကို အတတ်နိုင်ဆုံး စောစောလုပ်ပါ။ စမ်းသပ်မှုကို ခြောက်လအတွင်း မပြုလုပ်ပါက ကိရိယာ သက်တမ်းကုန်မည်ဖြစ်ပြီး နောက်ထပ် စမ်းသပ်မှုတစ်ခု ပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။

အူလမ်းကြောင်းစစ်ဆေးမှုသည် လုပ်ဆောင်ရလွယ်ကူသည်။

- ပေးထားသည့် တုတ်ကို အသုံးပြု၍ သင်၏ အူလမ်းကြောင်း အညစ်အကြေး (မစင်) အနည်းငယ်ကို ယူပါ။ တုတ်ကို ဗူးအရှည်ထဲသို့ ထည့်ကာ စာပို့ခ ပေးထားပြီးဖြစ်သော စာအိတ်ထဲထည့်ပြီး ပြန်ပို့ပါ။
- ကိရိယာကိုသုံးပြီး စစ်ဆေးမှုပြုလုပ်ရန် ရိုးရှင်းသော လမ်းညွှန်ချက်။
- မစင်နမူနာယူသည့်နေ့ သို့မဟုတ် နောက်နေ့တွင် စာတိုက်မှပို့ပါ။

# သင်၏ရလဒ်များ

မစင်နမူနာပို့ပြီး သုံးပတ်အတွင်း ရလဒ်များကို သင်ရရှိမည်ဖြစ်သည်။

သင့်ရလဒ်များအကြောင်း စာတစ်စောင်ရရှိမည်ဖြစ်ပြီး သင့်ဆရာဝန် သို့မဟုတ် သူနာပြုမှလည်း သင့်ထံ ဆက်သွယ်နိုင်ပါသည်။

သုံးပတ်အတွင်း သင့်ရလဒ်များ မရပါက 0800 924 432 သို့ ဖုန်းခေါ်ပါ။ သို့မဟုတ် info@bowelscreening.health.nz သို့ အီးမေးလ်ဖြင့် ဆက်သွယ်ပါ။

## ရောဂါလက္ခဏာ မတွေ့ရခြင်း (negative)

သင်၏စစ်ဆေးမှုအဖြေသည် (negative) ရောဂါလက္ခဏာ မတွေ့ရပါက လက်ရှိတွင် ဘာမျှလုပ်ရန်မလိုပါ။ နောက် ၂ နှစ်အကြာတွင် စမ်းသပ်ကိရိယာပို့သောအခါ ထပ်မံစမ်းသပ်ပါ။

ရက်သတ္တပတ်အတော်ကြာ အူလမ်းကြောင်းပုံမှန်လုပ်ဆောင်မှုများ ပြောင်းလဲခြင်း သို့မဟုတ် ဝမ်း (မစင်) တွင် သွေးပါခြင်းကဲ့သို့သော လက္ခဏာများရှိပါက သင့်ဆရာဝန်ထံ ချက်ချင်းသွားရောက်ပြသပါ - နောက်တစ်ကြိမ် စစ်ဆေးမှုအထိ မစောင့်ပါနှင့်။

## ရောဂါလက္ခဏာတွေ့ခြင်း (positive)

စစ်ဆေးမှုတွင် (positive) ရောဂါလက္ခဏာရှိပါက နောက်ထပ်စစ်ဆေးမှု လိုအပ်ပါသည်။ ၎င်းသည် အများအားဖြင့် အူမကြီးမှန်ပြောင်းကြည့်ခြင်း (colonoscopy) ဖြစ်လိမ့်မည်။

(positive ပြခြင်း) ရောဂါလက္ခဏာတွေ့ရခြင်းသည် သင့်တွင် အူမကြီးကင်ဆာရှိသည်ဟု မဆိုလိုပါ။

(positive ပြခြင်း) ရောဂါလက္ခဏာတွေ့ရခြင်းနှင့်ပတ်သတ်ပြီး ပိုမိုသိလိုပါက timetobowelscreen.nz တွင် လေ့လာပါ။

# အူလမ်းကြောင်းရောဂါစစ်ဆေးမှုသည် လူတိုင်းအတွက် မသင့်တော်ပါ။

သင်သည် ဖော်ပြထားသော အကွက်များထဲမှ တစ်ခုခုကို အမှန်ခြစ်ပါက သင့်ဆရာဝန်နှင့် ဆွေးနွေးပါ သို့မဟုတ် 0800 924 432သို့ အခမဲ့ ခေါ်ဆိုပါ။ အူလမ်းကြောင်းရောဂါစစ်ဆေးမှုသည် သင့်အတွက် အဆင်မပြေနိုင်ပါ။

- ☐ ကျွန်ုပ်တွင် အူမကြီးကင်ဆာ၏ အတွေ့များသောလက္ခဏာများထဲမှ တစ်ခုရှိနေသည် - သင့်ဆရာဝန်ကို ချက်ချင်းပြောပါ။
- ☐ လွန်ခဲ့သော 5 နှစ်အတွင်း အူမကြီးမှန်ပြောင်းကြည့်ခဲ့ပါသည်။ အနာဂတ်တွင် သင့်ကို ထပ်မံဖိတ်ခေါ်ရန် ကျွန်ုပ်တို့ကို ဖုန်းဆက်ပါ။
- ☐ ကျွန်ုပ်သည် အူမကြီးအကြိတ်လုံး သို့မဟုတ် အူမကြီးကင်ဆာ စောင့်ကြည့်ရေးအစီအစဉ်တွင် ပါဝင်နေပါသည်။
- ☐ ကျွန်ုပ်မှာ အူမကြီးကင်ဆာရှိနေပါသည် သို့မဟုတ် လက်ရှိတွင် အူမကြီးကင်ဆာအတွက် ဆေးကုသမှုခံယူနေပါသည်။
- ☐ ကျွန်ုပ်၏ အူမကြီးကို ခွဲထုတ်ပြီးပါပြီ။
- ☐ ကျွန်ုပ်တွင် အူမကြီးအနာကြောင့် အူရောင်ခြင်း သို့မဟုတ် Crohn ရောဂါ ရှိပါသည်။

# အူမကြီးကင်ဆာဆိုတာဘာလဲ။

- အူမကြီးကင်ဆာကို အူမကြီး၊ စအိုလမ်းကြောင်း သို့မဟုတ် အူမနှင့် စအိုကင်ဆာ (colon, rectal သို့မဟုတ် colorectal cancer) လို့လည်း ခေါ်ပါတယ်။

- သင့်အူလမ်းကြောင်းသည် အစာခြေစနစ်၏ အစိတ်အပိုင်းဖြစ်သည်။ အူလမ်းကြောင်းမှာ အူသိမ် (အူအစပိုင်း)၊ အူအကြီး (အူမကြီး) နှင့် မစင်လမ်းကြောင်းဆိုပြီး သုံးပိုင်းရှိပါတယ်။

- အူမကြီးကင်ဆာသည် အူလမ်းကြောင်းအတွင်း ရှိဆဲလ်များကို အထိန်းအချုပ်မဲ့စွာ ပွားများလာသောအခါတွင် စတင်သည်။

- ဆဲလ်များသည် အကြိတ်လုံး (ကြီးထွားမှု) အဖြစ်သို့ ပြောင်းလဲနိုင်ပြီး အချို့သော အကြိတ်လုံးများသည် နှစ်ပေါင်းများစွာကြာသောအခါ ကင်ဆာအဖြစ်သို့ ပြောင်းလဲသွားနိုင်သည်။

- ကင်ဆာကြီးထွားပြီး ခန္ဓာကိုယ်၏ အခြား အစိတ်အပိုင်းများသို့ ပျံ့ရန် အချိန်ကြာနိုင်ပါသည်။

- အူမကြီးရောဂါလက္ခဏာ မခံစားရသူများ အတွက် အူလမ်းကြောင်း ပုံမှန်စစ်ဆေးခြင်းသည်   အူမကြီးကင်ဆာကို အစောပိုင်းအဆင့်တွင် ရှာဖွေကုသရန် အခွင့်အရေးဖြစ်ပါသည်။

## ပိုမိုသိရှိလိုပါက

- လေ့လာရန် **timetobowelscreen.nz**
- အခမဲ့ ဖုန်း **0800 924 432**၊ တနင်္လာ မှ သောကြာ မနက် 8 နာရီ မှ ညနေ 6 နာရီ အတွင်း
- အီးမေးလ် **info@bowelscreening.health.nz**

လူထုအတွက် ကျန်းမာရေးဝန်ဆောင်မှု ရန်ပုံငွေ အကျိုးဝင်မှုအတွက် Health New Zealand | Te Whatu Ora ဝဘ်ဆိုက်တွင် လေ့လာပါ။ သို့မဟုတ် **0800 924 432** ကို ဖုန်းခေါ်ပါ။

## အခြားဘာသာစကားများနှင့် တင်ပြပုံများ

ယခုလက်ကမ်းစာစောင်ကို ဖတ်ရှုသိရှိနိုင်သော ပုံစံများဖြင့် အောက်ပါဘာသာစကားများဖြင့်လည်း ရရှိနိုင်ပါသည်။

တီရီယိုမာရိုရီ၊ ကွတ်အိုင်လန်၊ ဆာမိုအန်၊ ဖီဂျီယန်၊ ရိုတူမန်၊ ကရီဘာတီ၊ တွန်ဂန်၊ တူဗေလူယန်၊ လျူအီရန်၊ တိုကီလူရန်၊ တရုတ်စာသစ်၊ ရှေးရိုးတရုတ်စာ၊ ကိုရီးယား၊ ဟင်ဒီ၊ ပန်ဂျပ်၊ တဂလောင်၊ အာရဘီ နှင့် မြန်မာ။

QR ကုဒ်ကို စကန်ဖတ်ပါ သို့မဟုတ် **timetobowelscreen.nz** သို့သွားပါ။

HE7500-MYA MAR 2026 BURMESE